# Sixteenth Sunday in Ordinary Time

## 1st READING: *Jer 23:1-6*

ယေရမိအနာဂတ္တိကျမ်း **၂၃း ၁–၆**

ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ့ထံမှာကျက်စားသောသိုးတို့ကိုဖျက်ဆီး၍ အရပ်ရပ်သို့ကွဲပြားစေသောသိုးထိန်းတို့သည်အမင်္ဂလာရှိကြ၏။ ထိုကြောင့်၊ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏လူတို့ကိုကျွေးမွေးရသောသိုးထိန်းတို့အမှုမှာသင်တို့သည်ငါ၏သိုးစုကိုမကြည့်ရှု၊ မပြုစု၊ အရပ်ရပ်သို့ကွဲပြားစေ၍နှင်ထုတ်သောကြောင့်၊ သင်တို့ပြုသောဒုစရိုက်အပြစ်ကိုသင်တို့အပေါ်မှာငါသက်ရောက်စေမည်ဟုထာဝရဘုရားမိန့်တော်မူ၏။ တဖန်မိန့်တော်မူသည်ကား၊ ငါ၏သိုးစုကိုငါနှင်ထုတ်သောပြည်ရှိသမျှတို့၌ကျန်ကြွင်းသောသိုးတို့ကိုငါစုဝေး၍၊ နေရင်းသိုးခြံသို့တဖန်ငါဆောင်ခဲ့ဦးမည်။ သူတို့သည်လည်း၊သားဘွား၍များပြားကြလိမ့်မည်။သူတို့ကိုကျွေးမွေးသောသိုးထိန်းတို့ကိုသူတို့အပေါ်မှာငါခန့်ထားသဖြင့်၊ သူတို့သည်နောက်တဖန်ကြောက်ခြင်း၊ ထိတ်လန့်ခြင်းမရှိရကြ။ ဆုံးမခြင်းကိုလည်းမခံရကြဟုထာဝရဘုရားမိန့်တော်မူ၏။ ထာဝရဘုရားမိန့်တော်မူသည်ကား၊ သန့်ရှင်းသောအညွန့်ကိုဒါဝိဒ်အဘို့ငါပေါက်စေသည်အတိုင်း၊ဉာဏ်ကောင်းသောရှင်ဘုရင်တဦးသည်စိုးစံ၍၊ မြေကြီးပေါ်မှာတရားသဖြင့်ဖြောင့်မတ်စွာစီရင်ရာကာလသည်ရောက်လိမ့်မည်။ ထိုမင်းလက်ထက်၌ယုဒပြည်သည်ကယ်တင်ခြင်းသို့ရောက်၍၊ ဣသရေလပြည်လည်းငြိမ်ဝပ်စွာနေရလိမ့်မည်။ ထိုမင်းသည်ယေဟောဝါဇေဒနုဟူသောဘွဲ့နာမရှိလိမ့်သတည်း။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm Ps 23:1-3, 3-4, 5-6

**ဆာလံ ၂၃**

**သံပြိုင်။ ။ ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏။**

**၁။** ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏။ငါ၌လိုလေသေးရှိမည်မဟုတ်။ ကိုယ်တော်သည်ငါ့အားစိမ်းလန်းသောစားကျက်များ၌နားနေစေတော်မူ၍၊ ငြိမ်သက်သာယာသောမြစ်ချောင်းများအနီးသို့လမ်းပြခေါ်ဆောင်တော်မူ၏။ ကိုယ်တော်သည်ငါ့၏ဝိညာဉ်ကိုအားသစ်လောင်းပေးတော်မူ၏။ **(သံပြိုင်)**

၂။ ကိုယ်တော်၏နာမတော်အဖို့အလို့ငှါငါ့အားလမ်းမှန်ကိုပြတော်မူ၏။ သေခြင်း၏အရိပ်လွှမ်းမိုးသောချိုင့်ဝှမ်းအတွင်း၌ငါလျှောက်လှမ်းရသော်လည်းဘေးအန္တရာယ်ကိုမကြောက်ရွံ့ပါ။ အကြောင်းမူကား၊ကိုယ်တော်သည်တပည့်တော်နှင့်အတူရှိတော်မူ၍ကိုယ်တော်၏လှံတံတော်နှင့်တောင်ဝှေးတော်တို့သည်တပည့်တော်ကိုနှစ်သိမ့်မှုပေးပါ၏။ **(သံပြိုင်)**

၃။ ကိုယ်တော်သည်တပည့်တော်၏ရန်သူအပေါင်းတို့၏ရှေ့မှောက်တွင်တပည့်တော်အတွက်စားပွဲကိုတည်ခင်းတော်မူပြီ။ တပည့်တော်၏ဦးခေါင်းကိုဆီနှင့်သွန်းလောင်းတော်မူပြီ။ တပည့်တော်၏ဖလားသည်လည်းပြည့်လျှံလျက်ရှိပါ၏။ တပည့်တော်အသက်ရှင်နေရသည့်နေ့ရက်များအားလုံး၌ကိုယ်တော်၏ကောင်းမြတ်ခြင်းနှင့်သနားကရုဏာတော်သည်တပည့်တော်နှင့်အတူဧကန်မုချရှိပါလိမ့်မည်။ တပည့်တော်သည်ထာဝရဘုရား၏အိမ်တော်တွင်ဘဝသက်တာတစ်လျှောက်လုံးနေရပါလိမ့်မည်။ **(သံပြိုင်)**

## 2nd READING: *Eph 2:13-18*

ဖေက်ဆွသဝါဒစာ **၂း၁၃–၁၈**

သို့ရာတွင်ယခုအခါ၌ခရစ်တော်ယေရှုနှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြသောသင်တို့သည်ခရစ်တော်၏အသွေးတော်အားဖြင့်အပါးတော်သို့ရောက်ကြရလေပြီ။ခရစ်တော်သည်ဂျူးလူမျိုးနှင့်လူမျိုးခြားတို့ကိုလူတစ်မျိုးတည်းဖြစ်စေတော်မူလျက်ငါ တို့အားငြိမ်းချမ်းသာယာမှုကိုပေးတော်မူ၏။ငါတို့အားရန်သူများအဖြစ်ပိုင်းခြားထားသည့်တံတိုင်းကိုကိုယ်တော်သည်မိမိ၏ကိုယ်ခန္ဓာတော်အားဖြင့် ဖြိုဖျက်တော်မူ၏။ ကိုယ်တော်သည် ဝိနည်းတော်အထုံးအဖွဲ့နှင့်အတူ ဂျူးပညတ်တရားကို ပယ်ဖျက်တော်မူ၍ဂျူးလူမျိုးနှင့်လူမျိုးခြားတို့အားမိမိနှင့်တစ်လုံးတစ်ဝတည်းဖြစ်စေလျက်လူမျိုးသစ်ကိုဖြစ်ပေါ်စေတော်မူ၏။ ဤနည်းဖြင့်ရန်ငြိမ်းမှုကိုပေးတော်မူ၏။ ခရစ်တော်သည်လက်ဝါးကပ်တိုင်တွင်အသေခံတော်မူခြင်းဖြင့်သူတို့အချင်းချင်း၏ရန်ကိုဖယ်ရှားပြီးလျှင်လက်ဝါးကပ်တိုင်အားဖြင့်လူမျိုးနှစ်စုကိုတစ်စုတည်းဖြစ်စေလျက်ဘုရားသခင်၏အထံတော်သို့ပြန်လည်ပို့ဆောင်တော်မူ၏။သို့ဖြစ်၍ဘုရားသခင်နှင့် ဝေးလျက်နေခဲ့သောအသင်လူမျိုးခြားတို့အားလည်းကောင်း၊ ဘုရားသခင်နှင့်နီးခဲ့ကြသောသင်တို့ဂျူးလူမျိုးတို့အားလည်းကောင်း၊ခရစ်တော်သည်ကြွလာတော်မူ၍ရန်ငြိမ်းခြင်းဆိုင်ရာသတင်းကောင်းကိုဟောပြောကြေညာတော်မူ၏။လူမျိုးခြားများနှင့်ဂျူးလူမျိုးများဖြစ်ကြသည့်ငါတို့သည်ခရစ်တော်အားဖြင့်တစ်ပါးတည်းသောဝိညာဉ်တော်ကိုအမှီပြုလျက်ခမည်းတော်၏ရှေ့တော်သို့ဝင်ရောက်ခွင့်ရရှိကြပေသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Mark 6:30-34*

ရှင်မာကုဧဝံဂေလိကျမ်း ၆း ၃၀–၃၄

တမန်တော်တို့သည် သခင်ယေရှုထံသို့ ပြန်လာကြ၍၊ မိမိတို့ပြုခဲ့သမျှနှင့်ဟောပြောသွန်သင်ခဲ့သမျှတို့ကို ကိုယ်တော်အားလျှောက်ထားကြ၏။ ကိုယ်တော်ကလည်းလူသူဆိတ်ငြိမ်ရာတောအရပ်သို့လာကြ၍ခေတ္တအနားယူကြလော့ဟုသူတို့အားမိန့်တော်မူ၏။ အကြောင်းမူကား၊များစွာသောလူတို့သည်သွားလာလျက်ရှိကြသောကြောင့်တပည့်တော်တို့သည်အစာစားရန်ပင်အချိန်မရကြချေ။ ထို့ကြောင့်သူတို့သည်လူသူဆိတ်ငြိမ်ရာအရပ်သို့လှေဖြင့်ထွက်ခွာသွားကြ၏။ သူတို့ထွက်ခွာသွားကြသည်ကိုလူအများကမြင်ကြလျှင်သူတို့ဖြစ်မှန်းသိကြသောကြောင့်မြို့၊ရွာရှိသမျှကိုအလျင်အမြန်ခြေလျင်လျှောက်လာကြရာထိုသူတို့သည်တပည့်တော်တို့ထက်အလျင်ဦးစွာရောက်နှင့်ကြလေ၏။ ကိုယ်တော်သည်ကမ်းပေါ်သို့တက်တော်မူသောအခါ၊ များစွာသောလူအစုအဝေးကိုမြင်တော်မူသဖြင့်သူတို့အပေါ်မှာသနားကရုဏာသက်တော်မူ၏။ အဘယ့်ကြောင့်ဆိုသော်၊ သူတို့သည်သိုးထိန်းမဲ့သောသိုးများကဲ့သို့ဖြစ်နေကြသောကြောင့်တည်း။ ထို့နောက်ကိုယ်တော်သည်စတင်၍များစွာသောအကြောင်းအရာများကိုသူတို့အားသွန်သင်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။